အောင်ချမ်းသာကျေးရွာ

အင်းပုဒ်ပေကုန်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၇–၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်ချမ်းသာကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
အောင်ချမ်းသာ ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်	
(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၈
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	၈
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၉
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား	၉
(ခ) သဘာဝအရင်းအမြစ်များ	၁၀
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	
(က) လူဦးရေဆိုင်ရာ အချက်အလက်များ	၁၀
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၂
(င) ကျန်းမာရေးနှင့် အာဟာရ	၁၂
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၁၂
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ	
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၁၂
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၂
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၃
(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၄
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက်	၁၄
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း	၁၄
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု	၁၄
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၅
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး	၁၅
(ည) လူငယ်နှင့် ယဉ်ကျေးမှု	၁၆
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး	၁၆
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊	

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၆
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၈
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၈
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၁၉
(ဂ) ဦးစားပေး စီမံချက်များ ၁၉
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၂
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၂
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၃
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၃
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၃
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၄
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၄
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၄
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၂၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၂၈
ရည်ညွှန်းချက်များ ၂၉
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၈
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အောင်ချမ်းသာကျေးရွာ
အင်းပုဒ်ကုန်းကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

အောင်ချမ်းသာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း-အောင်ချမ်းသာကျေးရွာအရင်းအမြစ်ပြမြေပုံ - အောင်ချမ်းသာကျေးရွာ၊ အင်းပုဒ်ကုန်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပုံအပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ အောင်ချမ်းသာကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ တောင်ဘက်တွင်တည်ရှိပြီး

အင်းပုဒ်ပေကုန်းကျေးရွာအုပ်စုတွင်ပါဝင်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ တောင်ဘက်တွင် ကောလင်းမြို့၊ မြောက်ဘက်တွင် ပေကုန်းကျေးရွာ၊ အနောက်ဘက်တွင် ကောလင်းမြို့နယ် အင်တပင်ကျေးရွာ၊အရှေ့ဘက်တွင်အင်းပုဒ်ကုန်းကျေးရွာတို့နှင့်ဆက်စပ်လျက်ရှိပါသည်။ကောလင်း-ပင်လယ်ဘူးမြို့ ကတ္တရာလမ်းမကြီးဘေးတွင်တည်ရှိပြီး ကောလင်းမြို့မှ ၁မိုင်ခန့်ကွာဝေးပြီး ဝန်းသိုမြို့မှ ၉မိုင်ကွာဝေးပါသည်။ ရွာတောင်တန်းများရှိပါသည်။ ရွာ၏အနောက်မြောက်ဘက်တွင် အင်ပင်ကျွန်းပင်များ ပေါများစွာပေါက်ရောက်နေသည့် နတ်တောင်ဟုခေါ်သော တောင်ကုန်း/တန်းများရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ သဘာဝမှရရှိနိုင်သော ခါတ်သတ္ထုနှင့် အခြားတွင်းထွက်များ လုံးဝမရှိပါ။ ဆောက်လုပ်ရေးကုန်ကြမ်းများကို ကျေးရွာအနီးရှိရွာများတွင် အလွယ်တကူရရှိ နိုင်ပါသည်။ နွားစာကဲ့သို့သောအပင်များနှင့် ဆေးဘက်ဝင်အပင်များကို ရရှိနိုင်မှုမှာ အလွန် ခက်ခဲလှပါသည်။ တိရိစ္ဆာန်မျိုးစိတ်များမှာ ရွာအနီးတွင် လုံးဝမရနိုင်ပါ။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြ ပါသည်။ အိမ်ထောင်စု(၆၉)စုရှိပြီး လူဦးရေ စုစုပေါင်း(၃၂၄)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦးရှိပါသည်။ ကျွန်တော်တို့ ရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား ၅ ဦး၊ မ ၁ ဦး။ ၅နှစ်အောက်ကလေးငယ်မှာ ကျား ၉ဦး၊ မ ၁၈ဦး၊ မူလတန်းကျောင်းသားအရွယ် ၁၀နှစ်အောက် ကျား ၁၁ဦး၊ မ ၁၄ ဦး၊၁၀ နှစ်မှ ၁၄နှစ် အလယ်တန်းကျောင်းသားအရွယ် ကျား ၉၊ မ ၁၅ ဦး၊ ၁၅ နှစ်မှ ၆၅ နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား ၁၀၉ ဦး၊ မ ၁၂၇၊ ၆၅နှစ်နှင့်အထက် ကျား၂၊ မ ၄ ဦး ဖြစ်သည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျွန်တော်တို့ရွာ၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေးအဖြစ် အသုံးပြုကြပြီး တစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ ဆောင်းရာသီ တွင် မြေပဲနှင့်နေကြာ၊ ပြောင်း စသောသီးနှံများကိုအနည်းငယ်သာ စိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးရေမလုံလောက်သဖြင့် အခြားသီးနှံများ စိုက်ပျိုး၍ အဆင်မပြေပါ။ အိမ်ထောင်စု (၆၉)အိမ်မှာ (၁၈)အိမ်သည် ကိုယ်ပိုင်လယ်ယာ လုပ်ကိုင် သူများ ဖြစ်ကြပြီး (၆)အိမ်မှာ စာရင်းငှါးလုပ်ကိုင်ကြရပါသည်။ ကျန်အိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းများနှင့် မွေးမြူရေး လုပ်ငန်းများ ကို တစ်နိုင်တစ်ပိုင်အဖြစ်မွေးလေ့ရှိပါသည်။ ဥပမာ-ကျွဲ၊နွား၊ ဝက်၊ ကြက်တို့ဖြစ်ပါသည်။ နည်းပညာအားနည်းမှုကြောင့်သော်လည်း မြေဆီမြေဩဇာမကောင်းမှု ၊ ရာသီဥတုမမျှတမှု ၊ စိုက်ပျိုးရေမလုံဆေလာက်မှုတို့ကြောင့် သီးနှံထွက်နှုန်းလျော့နည်းနေရပါသည်။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓန အဆင့် ခွဲခြားမှုနည်းလမ်းအရ အိမ်ထောင်စုပေါင်း(၆၉)စုရှိသည့်အနက် အဆင်ပြေသော အိမ်ထောင်စု

(၁၂)စု၊ အလယ်အလတ်အဆင့်ပြေသောအိမ်ထောင်စု(၃၀)စု၊ မပြေလည်သော အိမ်ထောင်စု(၂၅)စုနှင့် အလွန်အဆင်မပြေသောအိမ်ထောင်စု (၂)စု ရှိပါသည်။အဆင့်ပြေသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၄)ဧက အထက်ရှိခြင်း၊ ငွေတိုးချေးစားခြင်း၊ အိမ်ကြီး အိမ်ကောင်းများနှင့် နေထိုင်ကြခြင်း၊ လယ်ယာသုံးကိရိယာများဖြစ်သည့် လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ် မိသားစုများသည် မြေဧက (၁)ဧကမှ (၄)ဧကအထိ ပိုင်ဆိုင် ကြသည်။ အဆင်းရဲဆုံး မိသားစုများသည် မြေယာပိုင်ဆိုင်မှု မရှိခြင်း နှင့် ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ (၄၇)အိမ်ထောင်စုသည် မြေယာမဲ့များဖြစ်ပြီး မြေပိုင်ဆိုင်သူများ၏ (၂၀)အိမ်သည် (၂)ဧကမှ (၅)ဧကထိပိုင်ဆိုင်ကြပြီး၊(၂)အိမ်သည် (၅)ဧက အထက် ပိုင်ဆိုင်ကြပြီး အလယ်အလတ်စား တောင်သူများဖြစ်ပါသည်။ ၁၂.၅ဧကအထက် ပိုင်ဆိုင်သည့်အိမ်မရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၉) သည် ၃လ အောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငှား၍သော်လည်းကောင်း၊ အထောက် အပံ့ယူ၍သော်လည်းကောင်း၊ လုပ်အားခကြိုယူ၍သော်လည်းကောင်း ဝမ်းစာဖြည့်တင်း ကြရပါသည်။ ငွေချေးယူရာတွင် ငွေတိုးချေးစား သူများထံမှ ချေးငွေကိုရယူကြပြီး စားသုံးရန်နှင့် ကျန်းမာရေး၊ ပညာရေးများအတွက် အသုံးပြုကြ ပါသည်။

ကျွန်တော်တို့ရွာတွင် လယ်ဧက(၇၃.၆၁)ဧကနှင့် တောင်/ယာခြေ(၁၅.၁)ဧက ရှိပါသည်။ တစ်နှစ်တွင် စပါးနှင့် နေကြာ တစ်ရာသီဘဲ စိုက်ပျိုး၍ ရပါသည်။ စပါးကို ၁ဧကတွင် အနည်းဆုံး ၅၅ တင်းမှ အများဆုံး ၁၀၀တင်းထွက်ရှိပြီး ပျှမ်းမျှအားဖြင့် ၇၀တင်း ထွက်ရှိပါသည်။တင်း ၁၀၀ ထွက်ရှိသောသူမှာ စပါးအထွက် အကောင်းဆုံးသူဖြစ်ပြီး ထွက်ရှိသူ အလွန်ပင်နည်းပါးသည်။ နေကြာမှာ ၁ဧက ၁၀တင်းမှ ၂၀တင်းသာထွက်ရှိပြီး ပျှမ်းမျှအားဖြင့် ၁၂တင်း ထွက်ရှိပါသည်။ စပါးကုန်သွားလျှင် စပါးကြိုပေးကို ငွေရှိသော သူများထံထားကြရပြီး ဝမ်းရေးကို လှည့်ပတ်ချေးငှားနေကြရသည်။

ကျွန်တော်တို့ရွာတွင် အဖိုးတန်သစ်တောများ ပြုန်းတီးလာခြင်းကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ဆီးခြင်းနှင့် အတော်အတင့် ခံစားရပါသည်။

ကျွန်တော်တို့ရွာတွင် အမျိုးသမီးဦး:ဆောင်ပြီးဆင်းရဲသောအိမ်ထောင်စုမရှိပါ။ကားလမ်းမကြီး ဘေး တွင်တည်ရှိသည့်အတွက် မတော်တဆဖြစ်နိုင်ချေများပြီး လက်လုပ်လက်စား ကျပန်းဦးရေ လည်းများပြားသည်။ထိခိုက်လွယ်မှုအခြေအနေဆိုးဝါးစွာမရှိပါ။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ကျွန်တော်တို့ရွာ၏ပညာရေးမှာ စာသင်ကျောင်း မရှိသောကြောင့် အုပ်စုကျေးရွာအတွင်း၌ရှိသော အခြေခံပညာ မူလတန်းကျောင်း နှင့်မူလွန်ကျောင်းသို့ သွားရောက်၍ ပညာသင်ယူလျှက်ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းများကို ၁ မိုင်ခန့်ဝေးသော ကောလင်းမြို့သို့ စက်ဘီး/ဆိုင်ကယ်များဖြင့် သွားရောက်၍ သင်ယူကြရပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် မိဘများ စိုးရိမ်စရာမရှိပါ။ အခက်အခဲမရှိသလောက်နည်းပါးပါသည်။ စာမတတ်သူဦးရေနည်းပါးပြီး မူလတန်းပညာအဆင့် ရှိသူမှာ ၁၅၄ ယောက်ရှိပြီး အလယ်တန်းအဆင့်ရှိသူ ၈၀ ဦးနှင့် အထက်တန်းအဆင့်ရှိသူ ၄၅ ဦးနှင့် တက္ကသိုလ်အဆင့်ရှိသူ ၉ ဦးရှိပါသည်။လက်ရှိပညာသင်ယူနေသော ကျောင်းသား/သူဦးရေမှာ မူလတန်း ၂၈ဦး၊ အလယ်တန်း၂၄ ဦး၊အထက်တန်း ၁၆၈ ဦးနှင့် တက္ကသိုလ်အဆင့်ရှိသူ ၇ ဦးရှိပါသည်။

(င) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်ရွာတွင် မိုးဦးရာသီအစ၌ ဝမ်းလျှော၊ သွေးလွန်တုတ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူ လမ်းကြောင်းရောဂါများ လည်းဖြစ်ကြပါသည်။ ဥပမာ။ ဓါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံမှုများအား ကျန်းမာရေးဌာနမှ လာရောက်ထိုးနှံပေးခြင်းများရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု မရှိပါ ။ ကျေးရွာဖွံ့ဖြိုးရေးနှင့် အခြားအဖွဲ့အစည်းများတွင်သာ အမျိုးသမီးပါဝင်မှုရှိပြီး တက်ကြွစွာပါဝင်လုပ်ရှားမှု နည်းပါးလာပါသည်။ ပြစ်မှုဆိုင်ရာကင်ရှင်းပြီး ဥပဒေနှင့်တရား မမှုများတွင် အသိဉာဏ်အသင့်အသင့်ရှိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ။ ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ကျေးရွာတွင်လျှပ်စစ်မီးကော်မတီအဖွဲ့၊ ဓမ္မစကူး ဖောင်းဒေးရှင်းအဖွဲ့နှင့် မြစိမ်းရောင်စီမံကိန်းအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ မြေယာပိုင်ဆိုင်မှုမရှိသော မိသားစုများပြီး စိုက်ပျိုးမြေဧက အနည်းငယ်သာပိုင်ဆိုင်သာကျေးရွာဖြစ်ပါသည်။ ၂.၅ဧကအောက် ဆင်းရဲသား တောင်သူ(၁) ဦး ၅ဧကအောက် တောင်သူငယ်(၁၉)ဦး၊ တောင်သူကြီး(၂)ဦးနှင့် မြေယာမဲ့ ၄၇ဦးရှိပါသည်။စိုက်ပျိုးရေးခက်ခဲလှပြီး မိုးရေကိုသာ အားထားနေရပါသည်။ ရေသွင်းစိုက်ပျိုးနိုင်သော ဧကများမှာ ရေသွင်းဆည်မှာပျက်စီးပြီး ရေသွင်းစနစ်ဖြင့်မစိုက်ပျိုးနိုင်တော့ပါ။ ရွာ၏လယ်ယာပိုင်ဆိုင်မှုမှာ ပေကုန်းအုပ်စုပိုင်ကွင်းအတွင်း ပြန့်နှံ့တည်ရှိနေသောကြောင့်ဆည်နှင့်သက်ဝင်သောလယ်သမားများမှာပေကုန်းအုပ်စုဖြင့်ပူးတွဲဖော်ပြရပါ

မည်။ ပေကုန်း+အောင်ချမ်းသာရွာ၏ ရေသွင်းစိုက်ပျိုးနိုင်သောဧကမှာ ပေကုန်းအုပ်စုပိုင် ကွင်း၏ လေးပုံ တစ်ပုံရှိနေပါသည်။ အဓိကအားဖြင့်စိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပြီး (၇)လ(၈)လ အနည်းဆုံးကြာမြင့်ပြီးမှ ရိပ်သိမ်းရပါသည်။ အထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် ရဝ%လောက် သာထွက်ရှိပါသည်။ ရင်းနှီးသွင်းအားစုများပြီး အမြတ်ပမာဏ နည်းပါးပါသည်။ လယ်ရိတ် သိမ်းပြီးချိန်မှ စ၍ ဆောင်းနှင့်နွေရာသီတွင် နေကြာကို ဆက်လက်စိုက်ပျိုးပါသည်။ စပါးစိုက် သည့်လယ်မြေတွင်သာစိုက်ပျိုးရပြီး တောင်သူတိုင်းမှာ အောင်ရေနှင့်ထည်ရေကိုင်ချိန် မြေအမျိုးအစားအခြေအနေကြောင့် တောင်သူတိုင်းမစိုက်နိုင်ကြပါ။ စိုက်ဧကနည်းပြီး အထွက်နှုန်းမှာလည်း နည်းပါသည်။ ကုန်ကျစရိတ်သာသာလောက်ပဲမြတ်ပါသည်။

လယ်ယာသုံးစက်ကိရိယာများကိုလုပ်ကိုင်သူအများစုမှာ ငှားရမ်းသုံးစွဲနေရပြီး တစ်ဦး ချင်းပိုင် လက်တွန်း(၇)စီး၊ ရေစက် တစ်ဦးချင်းပိုင်(၁၅)လုံးနှင့် ခြွေလှေ့စက်(၂)လုံးနှင့် ရိပ်သိမ်းစက်(၁)လုံးသာပိုင်ဆိုင်ပါသည်။ မြက်ရိတ်စက်(၇)ဦးရှိပြီး ကျန်သူများမှာ သုံးစွဲနိုင်ခြင်းမရှိသေးပေ။

စိုက်ပျိုးရေနှင့်ရာသီဥတု နည်းပညာမြေဩဇာအခက်အခဲများ စွာရှိနေပြီး လုပ်သား ရရှိမှုမှာလည်းမလွယ်ကူပါ။ ဈေးကွက်အသင့်အသင့်ရှိနေပြီး ရန်ဖန် ရန်ခါ မိုးနှင့် ရောဂါကျရောက်မှုတွေဖြစ်ပေါ်တတ်ပါသည်။ လယ်ယာမြေဆုံးရှုံးမှုအသင့် အသင့်ရှိနေပြီ မိုးတွင်းကာလများတွင်ရေကြီးရေလျှံမှုများကြောင့် စပါးပင်များပျက်စီးခြင်း ဖြစ်ပေါ်၍ လယ်ယာမြေဆုံရှုံးမှုအသင့်အသင့်ရှိပါသည်။

ကျေးရွာအတွင်း၌ဝက်မွေးမြူရေးလုပ်ငန်းကို ၄၃ အိမ်လုပ်ကိုင် ပြီးကောင်ရေ(၂၀၀) ရှိပါသည်။အများဆုံးဖြစ်ပါသည်။ နွားမွေးမြူသူ ၂၃ အိမ်ရှိပြီး ၈၈ကောင် မွေးမြူထားပါသည်။ ကျွဲမွေးမြူသောအိမ်(၃)အိမ်သာရှိပြီး ကောင်ရေ(၁၃)ကောင်ဖြစ်ပါ သည်။ ကြက်မွေးမြူရေးကိုအပိုဝင်ငွေရရှိရန်နှင့် ဟင်းစားအတွက် (၂၃)အိမ်မွေးမြူထားပြီး ၂၆၀ ကောင်ရှိပါသည်။ ကျွဲနွားများကို စိုက်ပျိုးရေးလုပ်ငန်းများတွင်သာ ခိုင်းစေရန်မွေးမြူ ကြပါသည်။ ကျေးရွာအတွင်း ငါးမွေးမြူသူ(၂)ဦးသာရှိပြီး သွင်းအားစုနှင့် နည်းပညာအခက်အခဲတွေကြောင့် မွေးမြူသူဦးရေအလွန်နည်းပါးလှပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ စိုက်ပျိုးရေးနှင့် မွေးမြူရေးမဟုတ်သော လုပ်ငန်းများကို လုပ် ကိုင်ကြသူနည်းပါးပြီး သွင်းအားစုများ ရရှိနိုင်မှုမလွယ်ကူခြင်း နည်းပညာဆိုင်ရာမကျွမ်းကျင် ခြင်းနှင့် လုပ်သားရရှိနိုင်မှု အခက်အခဲများကြောင့်တိုးတက်မှုမှာအလွန်နည်းပါသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးမဟုတ်သော လုပ်ငန်းများကို လုပ် ကိုင်ကြသူနည်းပါးပြီး သွင်းအားစုများရရှိနိုင်မှုမလွယ်ကူခြင်း နည်းပညာဆိုင်ရာမကျွမ်းကျင် ခြင်းနှင့် လုပ်သားရရှိနိုင်မှုအခက်အခဲများကြောင့် တိုးတက်မှုမှာအလွန်နိမ့်ပါသည်။

(ဃ) ရွှေပြောင်းလုပ်သားများ။ ။ရွှေပြောင်းသွားလာသူအနည်းငယ်ရှိပြီး စီးပွားရေး အခက်အခဲ များကိုဖြေရှင်းနိုင်ရန်ဖြစ်ပါသည်။ ရွှေပြောင်းသွားလာမှုရှိအိမ်ခြေမှာ ၁၄အိမ်ဖြစ်ပြီး ကျား၁၃ ယောက်၊ မ ၅ ယောက်ဖြစ်ပါသည်။ ကြာမြင့်ချိန်မှာ ၃ လအထိ ၁ ယောက်၊ ၆ လအထိ ကျား ၁ ၊ မ ၂ ယောက်၊ ၁၂ လအထိ ကျား ၄ ယောက်နှင့် ၁၂ လအထက် ကျား ၈ ယောက် မ ၂ ယောက် ရှိပါသည်။ ရွှေပြောင်းသွားလာနေသူအနည်းငယ်သာရှိပြီး လက်ရှိအခြေ အနေထက် ပိုမိုကောင်းမွန်သောအခြေအနေကိုရရှိရန်သာဖြစ်ပါသည်။ ရွှေပြောင်း သွာလာသူများမှာ ငှားရမ်းလုပ်သားများဖြစ်ပြီး ပြန်ပို့ငွေရရှိခြင်း အသင့် အသင့်သာရှိပါသည်။ အဆင်ပြေရာငွေလွှဲစနစ်အမျိုးမျိုးဖြင့် ပြန်ပို့ငွေကို ပို့ပေးလျက် ရှိပါသည်။

(င) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ အနီးဆုံးဈေးနှင့် အကြီးစားဈေးကို ရွာနှင့် နှင့်(၂)မိုင်အတွင်းရှိ ပြီး ပစ္စည်းစုံရရှိနိုင်ပါသည်။ ဈေး၏အဆောက်အဦးမှာအသင့်သင့်ရှိပြီး ဝန်ဆောင်မှုကောင်း မွန်ပါသည်။ သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး၊ ဆိုင်ကယ်၊ ကား၊ ထော်လာဂျီနှင့် သုံးဘီး ဆိုင်ကယ်များကိုအသုံးပြုနိုင်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ စီးပွားရေးဘဏ်၊ စိုက်ဘဏ်နှင့် မြစိမ်းရောင် စီမံကိန်းငွေကြေး ထောက်ပံ့မှုနှင့် အပေါင်ဆိုင်ငွေတိုးချေးသူ၊ ဆွေမျိုးအထောက် အပံ့ငွေကြေးတို့ကို အခါအား လျော်စွာသုံးစွဲခွင့်ရရှိပါသည်။ ကာလတိုချေးငွေများဖြစ်ပြီး ဘဏ်လုပ်ငန်းနှင့် မြစိမ်းရောင် စီမံကိန်းတို့မှ ချေးငွေများမှာ အတိုးနှုန်းသက်သာပြီး ဆွေမျိုးထောက်ပံ့ငွေတို့မှာ အတိုးနှုန်း အမျိုးမျိုးရှိပါသည်။ မပေးရသည်များလည်းရှိပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ မြေဆီညြေနှင့် အပင်မျိုးစိတ်၊ ငါးမျိုးကွဲ၊ စွန့်ပစ်ပစ္စည်းနှင့် ပတ်သက်၍ အန္တရာယ်ရှိမှုအခက်အခဲမှာ အသင့်သင့်ရှိနေပြီး လိုသလောက်ကို အလွယ်တကူ မရနိုင်ပါ။ ဖျက်ပိုးနှင့်ရောဂ ါကျရောက်မှု နည်းပါးပြီး တိရိစ္ဆာန်မျိုးကွဲများရရှိနိုင်မှု အန္တရာယ် မှာ မြင့်မားပါသည်။ ရေအရင်းအမြစ် မခက်ခဲသော်လည်း ထုတ်ယူသုံးစွဲနိုင်ခြင်းမရှိပါ။

(ဇ)ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ စာမတတ်သူဦးရေနည်းပါးပြီး မူလတန်းပညာအဆင့်ရှိသူမှာ ၁၅၄ ယောက်ရှိပါသည်။ အဆင့်နိမ့်ဖြစ်ပါသည်။ အလယ်တန်းအဆင့်မှာ ၈၀ ဦးဖြစ်ပြီး အလယ်အလတ်ဖြစ်ပါသည်။ အထက်တန်းဦးရေမှာ

၄၅ ဦးဖြစ်ပြီး နိမ့်ပါသည်။ တက္ကသိုလ် ကောလိပ်အဆင့်ရှိသူ ၆ ဦးသာရှိသဖြင့် အလွန်နိမ့်ပါသည်။လက်ရှိပညာသင်ကြားနေသူများမှာ မူလတန်း ၂၈ ယောက်၊ အလယ်တန်း အလယ်တန်း ၂၄ ယောက်၊ အထက်တန်း ၁၆ ယောက်နှင့် တက္ကသိုလ်အဆင့် (၇)ယောက်သာရှိပါသည်။ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ အုပ်စုတွင်း၌ မူလတန်း၊ မူ လတန်းလွန်ကျောင်းရှိပါသည်။ အကွာအဝေး(၁)မိုင်အတွင်းဖြစ်ပြီး သွားလာရန်လွယ်ကူပါ သည်။ အလယ်တန်းနှင့် အထက်တန်းကို မြို့မှာသင်ယူရပြီး (၂)မိုင်တွင်းသာရှိသောကြောင့် ပညာရေးအခက်အခဲမရှိပါ။ စက်ဘီး၊ ဆိုင်ကယ်ကိုအသုံးပြုပြီး ကျောင်းတက်နေကြပါသည်။ ကျန်းမာရေးမှာ စိုးရိမ်ရသည့်အခြေအနေမရှိပါ။ ကာကွယ်ဆေးထိုးနှံမှု နှစ်စဉ်ရှိပြီး အာဟာရမှတ်တမ်းယူမှု တွေ့လည်းရှိပါသည်။ အားနည်းခြင်းမရှိပါ။ ရွာနှင့် အုပ်စုတွင်း၌ မည်သည့်ဆေးဌာနမှ မရှိပါ။ မြို့မှာသာ ဆေးနှင့် ဆေးပေးခန်း၊ ဆေးရုံရှိပါသည်။ ဆေးရုံနှင့် လူဦးရေမှာမျှတသောအဆင့်ရှိပြီး ဆေး များသိုလောင်မှုစနစ်ကောင်းမွန်ပါသည်။ ကျေးရွာအတွင်း ရေတွင်း(၅၁)တွင်ရှိပြီး အဝီစိတုံကင်တွင်း ၁ တွင်းရှိပါသည်။ နွေမိုးဆောင်းအသုံးပြုနိုင်ပြီး ရေအရည်အသွေးစမ်းသပ်စစ်ဆေးမှု ပြုလုပ် ထားခြင်းမရှိပါ။ အခြားရေများကို သောက်သုံးရေအဖြစ်အသုံးမပြုပါ။ ကျေးရွာတစ်ရွာလုံးသည် ကျန်းမာရေးညီညွတ်မှုအား အထောက်အကူပြုရန်အတွက် ရေလောင်း/ ယင်လုံ အိမ်သာများ အဓိကထားသုံးစွဲနေကြပါသည်။ရေလောင်းပလပ်စတစ်ခွက်အိမ်သာ(၆၄)လုံးရှိပြီး မရှိသောသူ (၆)အိမ်ဖြစ်ပါသည်။ ၄င်း(၆)အိမ်မှာ တွဲသုံးစနစ်ဖြင့်သာသုံးစွဲနေပါသည်။ အချို့မှာ အိမ်ထောင်ကာစ အိမ်ထောင်ငယ်ဖြစ်၍ အိမ်သာမတူးနိုင် အသုံးမပြုနိုင်ပါ။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျေးရွာ၏လမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် အသုံးချမှုနည်းပြီး ကားများဝင်ထွက်သွားလာရန်အနည်းငယ်ခက်ခဲပါသည်။ လမ်းအားလုံး မှာ ၁ မိုင်အတွင်းသာဖြစ်ပါသည်။ကျေးရွာအတွင်းမှာ ရွာဝင်တံတား(၄)စင်းရှိပြီး သစ်သားတံ တားအမျိုးအစားဖြစ်ပါသည်။ အရည်အသွေးနိမ့်သော်လည်း တစ်နှစ်ပတ်လုံးအသုံးပြု နိုင်ပါသည်။သယ်ယူပို့ဆောင်ရေးအတွက်စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ ကား၊ ထော်လာကျီ၊ နွားလှည်းများကို အသုံးပြုလျက်ရှိပြီး စက်ဘီး ၄၀၊ ဆိုင်ကယ် ၇၉ ၊ သုံး ဘီး ၁စီး၊ ထော်လာကျီ ၁စီး၊ ကား ၂စီး၊ နွားလှည်း ၁၆စီး ရှိပါသည်။ အများစုမှာ မဟာဓါတ်အားလိုင်းကိုအသုံးပြုပြီး အခြားသုံး လျှပ်စစ်အနည်းငယ်နှင့် မသုံးစွဲနိုင်သူအနည်းငယ်သာရှိပါသည်။ ပြုပြင်ထိန်းသိမ်းရေး ကောင်းမွန်ပါသည်။ မဟာဓါတ်အားလိုင်းသုံးစွဲသူဦးရေမှာ ၅၃အိမ်၊ ဆိုလာစနစ်ဖြင့် ၄ အိမ်၊ ဖြစ်ပြီး လျှပ်စစ်မီး အသုံးမပြဒနိုင်သူ ၁၂ ဦးဖြစ်ပါသည်။

ကျေးရွာတွင် ဖုန်း(၁၂၆)လုံး၊ ရေဒီယို ၃ လုံး၊ တီဗွီ ၅၁ လုံး၊ စလောင်း၄၆ လုံးရှိပြီး ဆက်သွယ်ရေးလက်လှမ်းမီမှုအခြေအနေသင့်တော်ပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ လူငယ်များမှာ ဘာသာရေးလုပ်ငန်းများတွင် အသင့်သင့်ပါဝင် ပြီးအားကစားနှင့်ဖွံ့ဖြိုးမှုတွင် အနည်းငယ်သာပါဝင်ပါသည်။ ပျော်ပွဲရွှင်ပွဲများကို ရာသီ အလိုက်ပြုလုပ်ကြပါသည်။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ရွာ၏ လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေးတွင် တယ်လီ ဖုန်းတာဝါရှိနေခြင်းမှတပါး အခြားကိစ္စများနှင့် အစီအစဉ်များမ ရှိပါ။ အသိအမြင်နည်းပါးပြီး ဗဟုသုတ လေ့လာလိုက်စားရန် အားနည်းသည့်အလျောက် သတင်းစာ၊ ဂျာနယ်များမှာ လုံးဝလက်လှမ်းမမီသည့်အပြင် လေ့လာလိုစိတ်မရှိသည်မှာ အားနည်းချက်ပင် ဖြစ်ပါသည်။ ဘေးကင်းလုံခြုံရေး အထောက်အကူပြုဝန်ဆောင်မှုများအနေဖြင့် တယ်လီဖုန်းလိုင်း၊ အင်တာနက် လိုင်း၊ ရုပ်မြင်သံကြားလိုင်း နှင့် ရေဒီယိုလိုင်းများကို အဓိကထားအားကိုး သုံးစွဲနေကြရပါသည်။

မှုခင်းဖြစ်ပွားမှုနည်းပါးပြီး သာမန်အခြေအနေသာရှိပါသည်။ စိုးရိမ်ရသည့်အခြေအနေမရှိပါ။

(၅)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက် ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။စားကျက်မြေအသင့်အတင့်ရှိသည့်အတွက် မွေးမြူရေး တွင်လည်း နွား၊ ကြက်၊ ဝက်များကို လက်ရှိအခြေအနေထက် တိုးချဲ့မွေးမြူနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ အဆက်မပြတ်စီးဆင်းနေသောချောင်းရှိသော်လည်း ဆည်မတည်ဆောက်နိုင်သဖြင့် စိုက်ပျိုးရေး လုပ်ငန်း များကို မလုပ်ကိုင်နိုင်ကြပါ။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု မှာ လွန်စွာမှ အားနည်းလှပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ အသိပညာရရှိရေး၊ သောက်သုံးရေရရှိရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) ဆည်တာတမံများတည်ဆောက်ခြင်းခြင်း တောင်သူများ ရာသီမရွေးစိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်ကြပြီး အလုပ်အကိုင်များ ပိုမိုများပြားလာစေရမည်။

က၊၂) စာကြည့်တိုက်တည်ဆောက်ခြင်း၊ စာအုပ်စာပေများထားရှိခြင်းဖြင့် ကျေးရွာလူထုစာဖတ်အားပိုမိုလာပြီး ကျေးရွာလူထု အသိပညာများပိုမိုတိုးပွားလာစေရမည်။

က၊၃) သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထု ကျန်းမာရေးကိစ္စရပ်များ ပိုမိုကင်းရှင်းလာစေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ သန့်ရှင်းသော သောက်သုံးရေရရှိရန်ဆောင်ရွက်သွားမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မြိုးကောင်းမြိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ပန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ပန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း: (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း: (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။အခြေခံအဆောက်အဦ	စာကြည့်တိုက်ပြုပြင်တည်ဆောက်ခြင်း	၉၂	၁		
၂။ အခြေခံ အဆောက်အဦ	သန့်ရှင်းသောသောက်သုံးရေရရှိရန်ဆောင်ရွက်ခြင်း	၇၉	၂		
၃။ စိုက်ပျိုးရေး	ဆည်တည်ဆောက်ခြင်းနှင့်ရေမြောင်းပြုပြင်ခြင်း	၆၄	၃		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	စာကြည့်တိုက်ပြုပြင်တည်ဆောက်ခြင်း	၁	✓				
၂	စက်ရေတွင်းတူးဖော်ခြင်း	၂	✓	✓			
၃	ဆည်တည်ဆောက်ခြင်းနှင့်ရေမြောင်း ပြုပြင်ခြင်း	၃			✓	✓	

(ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	စာကြည့်တိုက်ပြုပြင်တည်ဆောက်ခြင်း			✓		
၂	စက်ရေတွင်းတူးဖော်ခြင်း			✓		
၃	ဆည်တည်ဆောက်ခြင်းနှင့် ရေမြောင်းပြုပြင်ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်း အဝေး၌

အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

